# မန်းမင်းသတင်းလွှာ

အမှတ်စဉ် (၂) ဧပြီလ (၁၃) ရက်၊ ၂၀၁၄

## "ယေရှုသည် ကျွန်ုပ်တို့၏တစ်ပါးတည်းသောကယ်တင်သောရှင်ဖြစ်ပါသလား။" ဘာသာစကားအမျိုးမျိုးဖြင့်ထုတ်ဝေသောသတင်းကောင်း၏ အနှစ်သာရဖြစ်သောလက်ဝါးကပ်တိုင်၏ သတင်းစကား



လက်ဝါးကပ်တိုင်၏ သတင်းစကားဆိုသည့် စာအုပ်ကို ဘာသာစကား (၅၆) မျိုးဖြင့် ဘာသာပြန် ကာနိုင်ငံတကာသို့ ဖြန့်ဝေရောင်းချပေးနေပါသည်။ဤစာအုပ်တွင်ယေရှုခရစ်သည်ကျွန်ုပ်တို့၏ တစ်ပါးတည်း သောကယ်တင်ရှင်ဖြစ်ရသည့် အခြေအနေလေးမျိုး ကို ရှင်းလင်းတင်ပြထားပါသည်။

လက်ဝါးကပ်တိုင်၏ သတင်းစကား
ဘယ်ဖက်မှ ညာဖက်သို့ ဗီယက်နမ်၊ ခရိုအေးရှား၊ ဆားဗီးယား၊ ကမ္ဘောဒီးယား၊ ကာဒစ်ရှ် အိုဒီးယား၊ ပါရှန်၊ ထိုင်းနှင့် ဂျော်ဂျီယန်း

ဒေါက်တာဂျေရောက်လီ ပုံနှိပ်ထုတ်ဝေသောစာအုပ်များအားဖြင့် ကမ္ဘာတစ်ဝှမ်းတွင်ရှိသော သင်းအုပ်ဆရာ၊ ဆရာမများ၊ ယုံကြည်သူများသည် သခင်ဘုရား၏ ချစ်ခြင်းမေတ္တာကို သဘောပေါက်လျက် သန့်ရှင်းသော ဝိညာဉ်တော်၏ လုပ်ဆောင်ချက်ကြောင့် စိတ်နှလုံးပြောင်းလဲခြင်းအတွေ့အကြုံများရရှိခဲ့ကြသည်။

လက်ဝါးကပ်တိုင်၏သတင်းစကားဆိုသည့်စာအုပ်အပေါ်သုံးသပ်ချက်တစ်ခုတွင်ဤသို့ဖော်ပြထားသည်။ "ဤစာအုပ်အားဖြင့် ယေရှုခရစ်တော်၏ဧဝံဂေလိတရားအပေါ် မပြောင်းလဲနိုင်သော စိတ်ချမှုကို ကျွန်ုပ်ခံစားခဲ့ရ သည်။" "ဤစာအုပ်ကို သမ္မာကျမ်းစာပေါ်တွင် အခြေခံ၍ရေးသားထားသည်။" ဤစာအုပ်သည် တစ်ယောက် ချင်းစီ၏ အသက်တာကိုသော်၎င်း၊ နိုင်ငံအလိုက်သော်၎င်း ပြောင်းလဲမှုများစွာ ဖြစ်ပေါ်စေခဲ့သည်သာမက ကမ္ဘာပေါ်တွင်ရှိသောအသင်းတော်ပေါင်းများစွာကိုတိုးတက်ကြီးထွားမှုဖြစ်ပေါ်စေခဲ့သည့်နောက်ကျွန်ုပ်သည် ဝိညာဉ်တော် ၏ မျက်မှောက်တော်ကို ခံစားခွင့်ရရှိခဲ့သည်။

သင်းအုပ်ဆရာကြီး ဒေါက်တာဂျေရောက်လီ၏ အသက်တာကို ခွန်အားပြည့်ဝစေသော တရားဟောချက် များ၊ ဘုရားသခင်၏တန်ခိုးပါသော လက်တွေ့အမှုပြုခြင်းများကိုစာအုပ်များအဖြစ် ပြုစုလျက် အတွဲ ပေါင်းများစွာ ထုတ်ဝေခဲ့သည်။ ထိုသို့ ကြိုးပမ်းအားထုတ်ခဲ့ခြင်း၏ရလဒ်အဖြစ် ကိုရီးယားဘာသာဖြင့် စာအုပ် ပေါင်း (၉၀) ပုံနှိပ်ထုတ်ဝေခဲ့ပြီး (၄၄) အုပ်ကို ဘာသာစကား (၇၇) မျိုးသို့ ဘာသာပြန်ဆိုနိုင်ခဲ့သည်။ ၎င်း တို့အနက် စာအုပ်အတွဲပေါင်း (၂၈၈) တွဲကို ဘာသာစကားပေါင်း (၄၅) မျိုးဖြင့် အင်တာနက်မှတစ်ဆင့် ဖတ်ရှုနိုင်သည့် အီးဘုတ်စာအုပ်အဖြစ် ဖြန့်ဝေနိုင်ခဲ့သည်။

အသင်းတော်၏ ဘုရားကျောင်းဖွင့်ပွဲမတိုင်မီ ဆရာကြီးဒေါက်တာဂျေရောက်လီသည် သမ္မာကျမ်းစာတွင် ပါဝင်သောစာအုပ် (၆၆) အုပ်ကို ကောင်းမွန်စွာ သဘောပေါက်လျက် တိတိကျကျရှင်းလင်းနိုင်ဖို့ အစာ ရှောင်လျက် စိတ်အားထက်သန်စွာ ဆုတောင်းခဲ့သည်။ ထို့ကြောင့် သမ္မာကျမ်းစာတွင် ဖော်ပြထားသည့် ဘုရားသခင်၏စိတ်နှလုံးနှင့်အလိုတော်ကို သန့်ရှင်းသောဝိညာဉ်တော်၏ လုပ်ဆောင်ချက်ကြောင့် သူရရှိခဲ့သော အဖိုးတန်သတင်းစကားများဖြင့် ကမ္ဘာပေါ်တွင်ရှိသော ဝိညာဉ်ပေါင်းများစွာ နိုးထမှုရှိခဲ့သည်။

၎င်းတို့အနက် လက်ဝါးကပ်တိုင်၏ သတင်းစကားဆိုသည့်စာအုပ်အနေဖြင့် လက်ဝါးကပ်တိုင်ဖြင့် ပြင်ဆင်ထားပေးသည့်ကယ်တင်ခြင်းအပါအဝင်ယေရှုခရစ်တော်တစ်ပါးတည်းသာလျှင်ကျွန်ုပ်တို့၏ ကယ်တင်ရှင်ဖြစ်ရ သနည်း။ (သို့) ဘုရားသခင်အနေဖြင့် ဧဒင်ဥယျာဉ်၌ ကောင်းမကောင်းသိကျွမ်းရာအပင်ကို အဘယ်ကြောင့် စိုက်ထားရသနည်း။ စသည့် ခရစ်ယာန်များအတွက် အခြေခံကျသော မေးခွန်းများ၏ အဖြေကို ပြည့်စုံစွာ ဖော်ပြထားသောကြောင့် ထိုစာအုပ်သည် မဖြစ်မနေ ဖတ်ရမည့်စာအုပ်တစ်အုပ်ဖြစ်သည်။

အကယ်၍ ကောင်းမကောင်းသိကျွမ်းရာအပင်ကို ဘုရားသခင်အနေဖြင့် ဧဒင်ဥယျာဉ်၌ အဘယ်ကြောင့် စိုက်ထားသနည်းဆိုသည့်မေးခွန်း၏အဖြေသိမည်ဆိုလျှင် လူသည်အခြားရွေးချယ်စရာမရှိတော့ဘဲ ဘုရား သခင်၏ မေတ္တာကိုသာ စိတ်နှလုံးအကြွင်းမဲ့ရွေးချယ်ကာ သင်စွဲကိုင်ရမည့်သမ္မာတရားများစွာ ရရှိလိမ့်မည်။ အကယ်၍ ဘုရားသခင်ပြင်ဆင်ထားသော ကယ်တင်ခြင်းကို ဆုပ်ကိုင်ရရှိထားသောသူအနေဖြင့် အခြားရွေး ချယ်စရာမရှိတော့ဘဲ သူ၏ဥာဏ်တော်အားဖြင့် စီရင်ထားသည့်အတိုင်း အံ့ဩဖွယ်မေတ္တာတော်ကို လက်ခံဖို့ ဖြစ်လာမည်။ ဤစာအုပ်ကိုဘာသာစကား (၅၆) မျိုးဖြင့် ဘာသာပြန်ဆိုထားပြီး ပုံနှိပ်ထုတ်ဝေခဲ့သည့် အပြင် ယခုအခါ ဘာသာစကား (၁၄) မျိုးဖြင့် ထပ်မံ၍ ဘာသာပြန်ဆိုနေဆဲဖြစ်သည်။

အမေရိကန်နိုင်ငံအမေဇုံပုံနှိပ်ထုတ်ဝေရေးကုမ္ပဏီမှဒေါက်တာရစ်ချတ်ဘလိတ်က "လက်ဝါးကပ်တိုင်၏ သ တင်းစကားဆိုသောစာအုပ်အားဖြင့်ယုံကြည်ခြင်း၏အခြေခံအုတ်မြစ်တည်းဟူသောဘုရားသခင်၏ ထောက်ပံ့မှုနှင့် မေတ္တာကို စာဖတ်ပရိသတ်များအား သဘောပေါက်စေလိမ့်မည်" ဟု သုံးသပ်ထားသည်။

ဤစာပေပုံနှိပ်ထုတ်ဝေရေးသာသနာလုပ်ငန်းကို ၁၉၈၇ ခု ဧပြီလတွင် ဒေါက်တာဂျေရောက်လီ၏ သက်သေခံချက်များတည်းဟူသော မသေခင်ထာဝရအသက်ကို မြည်းစမ်းခြင်းဆိုသောစာအုပ်ကို ထုတ်ဝေခြင်းဖြင့် စတင်ခဲ့သည်။ ထို့နောက် သူသည် တရားဟောချက်များကို စုစည်းလျက် လက်ဝါးကပ်တိုင် ၏ သတင်းစကား၊ ယုံကြည်ခြင်း၏ပမာဏ၊ ကောင်းကင်နိုင်ငံ (၁၊ ၂)၊ ငရဲ၊ ဝိညာဉ်တော်၊ ဝိညာဉ်နှင့်ခန္ဓာ (၁) နှင့် (၂)၊ မေတ္တာသည် ပညတ်တရားကို ပြည့်စုံစွာ လိုက်လျှောက်ခြင်းဖြစ်သည်။ အသင်းတော် (၇) ပါး၊ ကောင်းစွာလေ့လာစေနိုင်သည့်သော့များ၊ သုခမိန်စကား၊ ကောရိသန္တုဩဝါဒစာအပိုင်း (၁၊ ၂)၊ ဥခင် ဘုရား၏ ခြေရာတော် (၁၊ ၂)၊ ဇာတိလူနှင့် ဝိညာဉ်လူ (၁၊ ၂) ဆောင်းပါးပေါင်းချုပ်၊ ကျောင်းသူ ကျောင်း သားများကလေးသူငယ်များအတွက်ကျမ်းစာလေ့လာနည်းစသည့်စာအုပ်များအဖြစ်ထွက်ပေါ်လာသည်။ယုံကြည်သူများ၏သက်သေခံချက်၊ ခရစ်ယာန်စာစီစာကုံးရေးသားမှုစသည့်စာအုပ်များကိုလည်း ပုံနှိပ်ထုတ် ဝေခဲ့ရာ ကလေးသူငယ်များ၊ ကျောင်းသားကျောင်းသူများ၊ လူလတ်ပိုင်း၊ လူငယ်များအနေဖြင့် ဧဝံဂေလိတ ရား၏ သန့်ရှင်းခြင်းကို လက်တွေ့ကျင့်သုံးခွင့် ရရှိခဲ့ကြသည်။

ကမ္ဘာပေါ်ဝယ် ကြီးမားသည့်ပုံနှိပ်တိုက် (၂၀) တွင် ဤစာအုပ်များကို ထုတ်ဝေလျက်ရှိသည်။ ၎င်းတို့မှာ အမေရိကန်နိုင်ငံရှိ ခရစ်ယာန်မီဒီယာ၊ ကနေဒါနိုင်ငံမှ ဂါးဒီးယန်းအနှစ်သာရနှင့်ပြည့်ဝသော စာအုပ်ထုတ် ဝေရေးပုံနှိပ်တိုက်၊ အီတလီနိုင်ငံမှဧဝံဂေလိမီဒီယာ၊ ဂျာမဏီနိုင်ငံမှ ကောနေလိ၊ ယူကရိန်းနိုင်ငံမှ ဘား ရက်ပုံနှိပ်လုပ်ငန်းကုမ္ပဏီ၊ ထိုင်ဝမ်နိုင်ငံမှ ကျေးဇူးတော်ပုံနှိပ်တိုက်၊ အင်ဒိုနီးရှားနိုင်ငံမှ အန်ဒီပုံနှိပ်တိုက်၊ အိန္ဒိယနိုင်ငံမှ ခရစ်တော်၏ နှုတ်ကပတ်တော်ပုံနှိပ်ထုတ်ဝေရေးလုပ်ငန်း၊ မလေးရှားနိုင်ငံမှ မန်းမင်းပုံနှိပ် တိုက် ၊ အီဂျစ်နိုင်ငံမှ လွတ်လပ်မှုပုံနှိပ်တိုက်စသည်ဖြင့် ဖြစ်သည်။ အမေရိကန်နိုင်ငံရှိ အမေဇုန်အင်တာနက်၊ အိန္ဒိယနိုင်ငံရှိ ဖလိကတ်အင်တာနက်တို့မှတစ်ဆင့် ကမ္ဘာ့တိုက်ကြီး (၆) တိုက်အတွက် စာအုပ်စာပေများ ရရှိနိုင်သည်။ ထို့အပြင် ယူကရိန်းနိုင်ငံမှသတင်းနှင့် အကောင်းဆုံးပုံနှိပ်လုပ်ငန်း၊ လေဗနွန်းနိုင်ငံမှ လီဘ ရာရီအန်တိုနီ စသည့် ပုံနှိပ်တိုက်မှလည်း ဆက်လက်ထုတ်ဝေနေဆဲ ဖြစ်သည်။

အွန်လိုင်းမှတဆင့် ကိုရီးယားဘာသာဖြင့် စာအုပ်ရနိုင်သည့်နေရာမှာ ကျိုဆိုစာအုပ်ဆိုင်၊ ရီဒီဘုတ်၊ အင်တာနက်၊ ဘန်ဒီနှင့်လူနီ၊ ယွန်းပုန်စာအုပ်တိုက်၊ မှန်ပေ၏ (၂၄) အလာဒင်၊ အိုင်စာအုပ်တိုက်တို့ ဖြစ်သည်။ ဘာသာစကားအမျိုးမျိုးဖြင့် စာအုပ်ရနိုင်သည့်နေရာမှာ အမေဇုန်ဒေါ့ကွန်း၊ အိုင်စာအုပ်ဆိုင်၊ ဘာနစ်နှင့် နိုဗယ်၊ ကျိုဘိုစာအုပ်ဆိုင် (အင်္ဂလိပ်၊ တရုတ်၊ ဂျပန်) တို့ဖြစ်သည်။ ကမ္ဘာ့အကြီးဆုံးအွန်လိုင်းစာ အုပ်ဆိုင်တစ်ခုဖြစ်သော အမေဇုန်ဒေါ့ကွန်းတွင် ဒေါက်တာဂျေရောက်လီ၏ ငရဲ၊ လက်ဝါးကပ်တိုင်၏သတင်း စကား၊ ငါ့ဘဝယုံကြည်ခြင်း အတွဲ (၁၊ ၂) စသည့် စာအုပ်များကို အင်္ဂလိပ်၊ စပိန်၊ ပေါ်တူဂီ၊ အီတလီ၊ ဂျာမန်၊ တရုတ်၊ ဖိနစ်ရှ်၊ ဆွီဒင်၊ ရိုမေးနီးယား စသည့်ဘာသာစကားများဖြင့် ရရှိနိုင်သည်။

# ကောင်းကင်နိုင်ငံသို့ အနိုင်အထက်ပြု၍ ဝင်ရောက်ခြင်း

"ဗတ္တိဇံဆရာယောဟန်လက်ထက်မှစ၍ ယခုတိုင်အောင် ကောင်းကင်နိုင်ငံတော်ကို အနိုင်အထက်ပြုကြ သည်။ အနိုင်အထက်ပြုသောသူတို့သည်လည်း လုယူဝင်စားကြရ၏" (မဿဲ ၁၁း၁၂)



သင်းအုပ်ဆရာကြီးဒေါက်တာဂျေရောက်လီ

အိုလံပစ်အားကစားပွဲတော်တွင် ရွှေတံဆိပ်ဆုရရှိထားသောသူများသည် မည်မျှအထိ ပျော်ရွှင်ကြမည် နည်း။ ယခင်က သူတို့၏ ခက်ခဲပင်ပန်းမှုမျိုးစုံဖြင့် လေ့ကျင့်ခဲ့ရသောလေ့ကျင့်မှုများသည် ယခုအခါ ဝမ်း မြောက်ခြင်းအဖြစ်သို့ ပြောင်းလဲခဲ့ရပါပြီ။ ထိုနည်းတူစွာ ဝိညာဉ်ရေးရာ၌လည်း သူတည်းဟူသော စာတန်ကို တိုက်ခိုက်၍ အောင်ပွဲခံပြီးသည့်နောက်တွင် ထိုသို့ ဖြစ်လိမ့်မည်။ လောကတွင် နှိုင်းယှဉ်စရာမရှိလောက် အောင် ကြီးကျယ်ခမ်းနားသည့် ယေရုဆလင်မြို့သစ်သို့ ကျွန်ုပ်တို့သည် ဝင်ခွင့်ရရှိလိမ့်မည်။ လောက၌ပင် လျှင် ဆုရရှိဖို့ ခက်ခဲပင်ပန်းစွာ လေ့ကျင့်ဖို့လိုသည်။ ထိုသို့ဆိုလျှင် ကောင်းကင်နိုင်ငံတွင် ဆုလဒ်သရဖူများ ရရှိဖို့ မည်မျှအထိ ကြိုးစားအားထုတ်ဖို့ လိုအပ်မည်နည်း။

## ၁၊ ကောင်းကင်နိုင်ငံကို ယုံကြည်ခြင်းအားဖြင့် အလုအယက်ဝင်ရမည်။

"ဗတ္တိဇံဆရာယောဟန်လက်ထက်မှစ၍ ယခုတိုင်အောင် ကောင်းကင်နိုင်ငံတော်ကို အနိုင်အထက် ပြုကြသည်။ အနိုင်အထက်ပြုသောသူတို့သည်လည်း လုယူဝင်စားကြရ၏" (မဿဲ ၁၁း၁၂) ကောင်းကင်နိုင်ငံတော် သည် အလင်းတည်းဟူသော ဘုရားသခင်၏နိုင်ငံတော်ဖြစ်သဖြင့် စာတန်နှင့် နတ်ဆိုးများချဉ်းကပ်၍ မရသည့်နေရာဖြစ်သည်။ ကောင်းကင်နိုင်ငံသို့ ဝင်ရောက်နိုင်ဖို့ အနိုင်အထက်ပြုခဲ့သဖြင့် အဘယ်သူသည် ထိခိုက်မှု ခံခဲ့ရသနည်း။ ကောင်းကင်နိုင်ငံသို့အနိုင်အထက်ပြု၍ဝင်ရောက်ခြင်းဆိုသည်မှာဘုရားသခင်၏ သားသမီးများအ နေဖြင့် စာတန်နှင့် နတ်ဆိုးများကို ယှဉ်ပြိုင်တိုက်ခိုက်၍ အနိုင်ရရှိသည့်နောက် နိုင်ငံတော်သို့ ဝင်စားခြင်းကို ခေါ်သည်။ ထို့အပြင် သာ၍ ကျယ်ပြန့်စွာ ရှင်းလင်းရမည်ဆိုလျှင် ကျွန်ုပ်တို့၏ ယုံကြည်ခြင်းရှိသည့် ပမာဏအလျောက် ကောင်းကင်နိုင်ငံသို့ ရောက်သောအခါ ကောင်းသောနေရာကို ရရှိကြလိမ့်မည်။ လူသည် အပြစ်အတွက် အခြားရွေးချယ်စရာမရှိတော့ဘဲ ငရဲသို့ သွားရမည်။ သို့သော် ယေရှုခရစ်တော်ကို လက်ခံ၍ ယုံကြည်ပြီး ကယ်တင်ခြင်းခံရသောအားဖြင့် ကောင်းကင်နိုင်ငံသို့ ဝင်ခွင့်ရရှိလိမ့်မည်။ လူတို့အနေဖြင့် ဧဝံဂေလိတရားကို နားထောင်၍ သခင်ဘုရားကို ယုံကြည်လက်ခံဖို့ စာတန်နှင့် နတ်ဆိုးတို့မှ အလိုမရှိသောကြောင့် ရပ်တန့်စေဖို့ ကြိုးစားနေကြလျက်ရှိသည်။ သူတို့အနေဖြင့် ကြိုးစားနေ လျက် ခရစ်ယာန်များကို အပြစ်ကျူးလွန်ကြစေဖို့ သွေးဆောင်ခဲ့ကြသည်။ ကျွန်ုပ်တို့ကို သွေးဆောင်စုံ စမ်းခြင်းထဲသို့ ကျရောက်စေလိုသော စာတန်နှင့် နတ်ဆိုးတို့ကို ရင်ဆိုင်တိုက်ခိုက်ပြီးမှ အောင်မြင်သော သူများသည် နိုင်ငံတော်သို့ ဝင်စားရလိမ့်မည်။ ထို့ကြောင့် သမ္မာကျမ်းစာအနေဖြင့် အနိုင်အထက်လုယူကာ ဝင်စားကြ၏ဟု ဖော်ပြခြင်းဖြစ်သည်။ နိုင်ငံတော်ကို ဗတ္တိဇံဆရာယောဟန်လက်ထက်မှစ၍ အနိုင်အထက်ပြုလျက် ဝင်စားကြ၏ဟု သခင်ယေရှုအနေဖြင့် အဘယ်ကြောင့် မိန့်တော်မူခဲ့သနည်း။ ဗတ္တိဇံဆရာယောဟန်သည် သခင်ယေရှုကြွ လာမည့်လမ်းခရီးကို ပြင်ဆင်ပေးရမည့်သူဖြစ်သည့်အားလျော်စွာ ကယ်တင်ရှင် ၏ ကယ်တင်ခြင်းလုပ်ငန်းကို အပြည့်အဝအကောင်အထည်ဖော်နိုင်စေရန်သက်သေခံခဲ့သည်။ဗတ္တိဇံဆရာယောဟန်လက်ထက်မှစ၍ ယခုတိုင်အောင်ဆိုသော ကာလသည် ဓမ္မသစ်ကာလဖြစ်၍ ယုံကြည်ခြင်းအားဖြင့် ကယ်တင်ခြင်းရရှိနိုင်သော ကာလ ဖြစ်သည်။ ဓမ္မဟောင်းကာလတွင် လူတို့သည် ပညတ်တော်ကို စောင့်ရှောက်ခြင်းအားဖြင့် ကယ်တင်ခြင်း ရရှိခဲ့ကြသည်။ သူတို့၏စိတ်ထဲတွင် အပြစ်ကျူးလွန်သည့်တိုင်အောင် ကိုယ်ထိလက်ရောက် အပြစ်ကျူး လွန်ခြင်းမရှိခဲ့သော် အပြစ်နှင့် ကင်းလွတ်သည်ဟု သတ်မှတ်ခြင်းခံခဲ့ကြရသည်။ အကယ်၍ အပြစ်ကျူး လွန်ခဲ့သော် အပြစ်ဖြေရာယဇ်ကို ပူဇော်သောအားဖြင့် အပြစ်ဖြေလွှတ်ခွင့် ရရှိခဲ့ကြသည်။ သို့သော် ဓမ္မဟောင်းကာလနှင့် ဓမ္မသစ်ကာလ၏ကယ်တင်ခြင်းဆိုင်ရာ စံနှုန်းသတ်မှတ်ချက်သည် ကွဲပြားခြားနားမှုရှိသည်။ ဓမ္မသစ်ကာလတွင်မူကား အပြစ်ဖြေရာယဇ်ကို ပူဇော်ခြင်းမရှိသော်လည်း ယေရှုခရစ်တော် ကို ယုံကြည်လက်ခံလျက် သန့်ရှင်းသောဝိညာဉ်တော်ကို ခံယူခြင်းဖြင့် ကယ်တင်ခြင်းရရှိနိုင်သည်။ ထို့ကြောင့် ဓမ္မသစ်ကာလကို သန့်ရှင်းသောဝိညာဉ်တော်နှင့် ကျေးဇူးတော်ကာလဟု နာမည်ပေးကြခြင်းဖြစ်သည်။

## ၂၊ လူတစ်ယောက်၏ယုံကြည်ခြင်းပမာဏကို လိုက်၍ကောင်းကင်နိုင်ငံတွင် နေရမည့်နေရာကို သတ်မှတ်လိမ့်မည်။

"သင်တို့သည် ကိုယ်ကို ထင်သင့်သည့်အတိုင်းထက်လွန်၍မထင်ဘဲ ဘုရားသခင်သည် လူအသီး သီးတို့အား ယုံကြည်ခြင်းကို ဝေပေးတော်မူသည်နှင့်အညီ ကိုယ်ကို လျောက်ပတ်စွာ တင်ရမည့်အကြောင်း ငါသည် ကိုယ်ခံရသော ကျေးဇူးတော်ကို အမှီပြုလျက် သင်တို့တွင်ရှိသမျှသောသူတို့ကို မှာထား၏" (ရော ၁၂း၃) ပထမအဆင့် ယုံကြည်ခြင်းသည် ကလေးငယ်များ၏ ယုံကြည်ခြင်းအဆင့်ဖြစ်သည်။ "ချစ်သားတို့ သင်တို့သည် ထိုသခင်၏ နာမတော်အားဖြင့် အပြစ်များနှင့်ကင်းလွတ်သောကြောင့် သင်တို့အား ငါရေး၍ ပေးလိုက်၏" (၁ယော ၂း၁၂) ချစ်သားတို့ဟု ဖော်ပြထားခြင်းခံရသောသူတို့သည် အပြစ်ဖြေလွှတ်ခြင်းအခွင့် ရရှိခံစားသော သူ၊ ခရစ်တော်လူသစ်များကို ဆိုလိုသည်။ သူတို့သည် လောလောလတ်လတ် သခင်ဘုရားကို လက်ခံယုံကြည်ကြသော သားသမီးများ ဖြစ်သည်။ သူတို့၏ ယုံကြည်ခြင်းသည် ကယ်တင်ခြင်းကို ရရှိနိုင်ဖို့ လုံလောက်သော ယုံကြည်ချက်ဖြစ်သည်။ ဤယုံကြည်ခြင်းအဆင့်အားဖြင့် သူတို့သည် ကောင်းကင်နိုင်ငံ ၏ အဆင့် အတန်း အနိမ့်ကျဆုံးနေရာတည်းဟူသော ပရဒိသုဘုံသို့ ဝင်ခွင့်ရရှိလိမ့်မည်။ ဒုတိယအဆင့်မှာ ကလေးအဆင့်ထက်သာ၍ မြင့်မားသော ယုံကြည်ချက်ဖြစ်သည်။ ကလေးများတို့ သင်တို့သည် ရှေးဦးစွာကပင် ရှိတော်မူသောသူတို့ သိသောကြောင့် သင်တို့အား ငါရေး၍ ပေးလိုက်ခဲ့ပြီ။ ဤအဆင့်သို့ ရောက်လာသောခရစ်ယာန်သည် ဝိညာဉ်သဘောအရ ဘုရားသခင်ကို တစပြီးတစ သိရှိလာ ခဲ့သည့် အားလျော်စွာ ဘုရားသခင်ကို "အဖ" ဟု ခေါ်၍ ရသည့်အဆင့်သို့ ရောက်ရှိလာသည်။ ထိုအရွယ် သည် ကလေးငယ်ပင်ဖြစ်သော်လည်း ဖခင်ကို မှတ်မိနိုင်သည့် အရွယ်ဖြစ်သည်။

ထိုအရွယ်သို့ ရောက်သော ကလေးသည် နို့စို့ကလေးသူငယ်အရွယ်ဖြစ်သည်။ သူတို့သည် သာ၍မြင့်မြတ်သောနေရာအရပ်သို့ ရောက် နိုင်သူများ ဖြစ်သည်။ ထိုနေရာသည် ပထမကောင်းကင်နိုင်ငံဖြစ်သည်။ တတိယအဆင့်သည် လူငယ်အရွယ်ယုံကြည်ခြင်းရှိသောသူများအတွက် ဖြစ်သည်။ "လူပျိုတို့၊ သင်တို့သည် ခွန်အားနှင့်ပြည့်စုံ၍ ဘုရားသခင်၏ နှုတ်ကပတ်တော်၌ မှီဝဲဆည်းကပ်သဖြင့် မာရ်နတ်ကို အောင်သောကြောင့် သင်တို့အား ငါရေး၍ ပေးလိုက်ပြီ။" (၁ယော ၂း၁၄) လူငယ်၊ လူပျို အရွယ်ရှိ သောယုံကြည်ခြင်းရှိသောသူတို့သည် သမ္မာတရားအတိုင်း အသက်ရှင်၍ လောကီဆန်သောအတွေးအခေါ် ကို တွန်းလှန်ဖယ်ရှားလျက် စာတန်နှင့်နတ်ဆိုးများကို အောင်မြင်နိုင်သောသူဖြစ်သည်။ သူ၏ယုံကြည်ခြင်း သည် အတိုင်းအတာတစ်ခုအထိ ကြီးထွားလာခဲ့ပါပြီ။ သူသည် မာကျောသောအစာကို စားနိုင်သည့် အဆင့်သို့ ရောက်ရှိလာသည်။ ထိုသို့သောသူသည် ပထမကောင်းကင်နိုင်ငံထက်သာ၍ ကောင်းသည့် ဒုတိယကောင်းကင်နိုင်ငံသို့ ရောက်ရှိလာမည်။ နောက်ဆုံးအဆင့်မှာ ဖခင်အရွယ်ရှိသော ယုံကြည်ခြင်းအဆင့် ဖြစ်သည်။ "အဘတို့ ၊ သင်တို့သည် ရှေးဦးစွာကပင် ရှိတော်မူသောသူကို သိသောကြောင့် သင်တို့ကို ငါရေး၍ ပေးလိုက်၏" (၁ယော ၂း၁၄) ဖခင်အရွယ်ရှိနေသောယုံကြည်သူ၏ ယုံကြည်ခြင်းသည် မကောင်းသောအပြစ်ဒုစရိုက်မှန်သမျှ ရှောင်ကြဉ်နိုင် သောအဆင့်သူဖြစ်သည်။ သူတို့သည် ဘုရားသခင်၏အစပြုတည်ရှိပုံကိုသိလျက် သူ့ကို စိတ်တော် နှင့်တွေ့စေရန် လုပ်ဆောင်သောသူများဖြစ်သဖြင့် ကိုယ်တော်ကို စိတ်နှလုံးအကြွင်းမဲ့ချစ်သောသူများ ဖြစ် သည်။ သူတို့သည် မိမိတာဝန်ကို ကျေပြွန်စွာ ထမ်းဆောင်သောသူ၊ ဘုရားသခင်၏ မိသားစုထဲတွင် သစ္စာရှိ သူများဖြစ်သည်။ သူတို့သည် သူတစ်ပါးအတွက် ပုံသက်သေကောင်းပြသပေးနိုင်သူများ၊ ဘုရားသခင်၏အ လိုတော်ကို ဝေဖန်ပိုင်းခြား၍ နာခံနိုင်သူများ ဖြစ်သည်။ သူတို့သည် တတိယကောင်းကင်နိုင်ငံတည်းဟူသော အလှပဆုံးနေရာ၊ ယေရုဆလင်မြို့သစ်သို့ ဝင်ရောက်ခွင့် ရရှိမည့်သူများဖြစ်သည်။

## ၃၊ ကောင်းကင်နိုင်ငံတွင် သာ၍ ကောင်းသောနေရာကို အဘယ်သို့ ယူရမည်နည်း။

### ရှေးဦးစွာ ပန်းတိုင်ကို အာရုံစိုက်ရမည်။

"ပွဲ၌ပြိုင်၍ အချင်းချင်း တိုက်သောသူမည်သည်ကား အရာရာ၌ တတ်မက်ခြင်းကို ချုပ်တည်းတတ်၏။ ထိုသူတို့သည် ညှိုးနွမ်းပျက်စီးတတ်သော ပန်းဦးရစ်ကိုရခြင်းအလို့ငှာ ပြုကြ၏။ ငါတို့မူကား မညှိုးနွမ်းမ ပျက်စီးနိုင်သော ပန်းဦးရစ်ကိုရခြင်းအလို့ငှာ ပြုကြ၏။ ထို့ကြောင့် ငါပြေးသောအခါ အမှတ်တမဲ့ ပြေးသည် မဟုတ်။ လက်ဝှေ့ထိုးသောအခါ အာကာသကောင်းကင်ကိုသာ ထိုးသတ်သည်မဟုတ်။" (၁ ကော ၉း၂၅-၂၆) သမ္မာကျမ်းစာတွင် ရေးသားထားသည့်အတိုင်း ဝိညာဉ်အပြေးပြိုင်ပွဲတွင် အနိုင်ရဖို့ အနေအထားကို သ တိပြုရမည်။ သင်၏ဝိညာဉ်သည် အတိုင်းအတာတစ်ခုအထိ ကြီးထွားလာပြီဖြစ်သဖြင့် ငိုက်မြည်းအိပ်ပျော်နေ၍ မရပါ။ သင်သည် အစဉ်နိုးကြားလျက် ဆုတောင်းသောသူ ဖြစ်ရမည်။ သင်၏ယုံကြည်ခြင်းလမ်းကြောင်း ပေါ်တွင် မားမားမတ်မတ်ရပ်တည်လျက် ဘယ်ဘက် (သို့) ညာဖက်သို့ လမ်းကြောင်းလွှဲ၍ မရပါ။ ရန်သူ စာတန်နှင့် နတ်ဆိုးတို့၏ သွေးဆောင်ခြင်းထဲသို့ မကျရောက်ပါစေနှင့်။ ထိုသို့အားဖြင့် ကောင်းကင်နိုင်ငံ တော်၌ သာ၍သာ၍ ကောင်းသည့်နေရာအရပ်သို့ ကျွန်ုပ်တို့ ရောက်ရလိမ့်မည်။

### ဒုတိယအနေဖြင့် ကျွန်ုပ်တို့သည် ဝိညာဉ်ကလေးသူငယ်များဖြစ်ရမည်။

"ငါအမှန်အကန်ဆိုသည်ကား သင်တို့သည် ပြောင်းလဲ၍ သူငယ်ကဲ့သို့ မဖြစ်လျှင် ကောင်းကင်နိုင်ငံ သို့ မရောက်ရကြ။" (မဿဲ ၁၈း၃) ကလေးငယ်တစ်ဦးသည် ချက်ချင်းလူကြီးတစ်ယောက်မ ဖြစ်နိုင် သော်လည်း ရိုးသားဖြူစင်သောစိတ်ဖြင့် မိဘကို နာခံတတ်သော အလေ့အထရှိသည်။ ထိုနည်းတူစွာ ဝိညာဉ်ရေးရာကလေးသူငယ်ဖြစ်သောသူသည် သမ္မာတရားကို တိတိကျကျ နာခံလိမ့်မည်။ ဘုရားသခင် လိုက်နာ ခိုင်းသော ပညတ်တရား၊ ရှောင်ခိုင်းသောအရာတို့ကို တိကျစွာ နာခံမှုရှိဖို့ လိုသည်။ ကျွန်ုပ်တို့ ၏ စိတ် နှလုံးသည် သမ္မာတရားနှင့်ပြည့်ဝလျက်ရှိကြောင်း ကောင်းသောအပြုအမူ၊ မေတ္တာဖြင့် ပြသနိုင်သည်။ ကျွန်ုပ် တို့အနေဖြင့် ကိုယ်နှင့်စပ်ဆိုင်သောသူကို ကိုယ်နှင့်အမျှချစ်လျက် ဘုရားသခင်ကို စိတ်နှလုံး အကြွင်း မဲ့ချစ်လိမ့်မည်။"

### တတိယအနေဖြင့် ပညတ်တရားကို မေတ္တာဖြင့် လိုက်လျှောက်ရမည်။

သခင်ယေရှုခရစ်တော်အနေဖြင့် လောက၌ ပြုမူဆောင်ရွက်ခဲ့သောအမှုမှန်သမျှတို့သည် မေတ္တာဖြင့် ပညတ်တော်ကို လိုက်လျှောက်နိုင်ဖို့ရည်ရွယ်ချက်အရ ထွက်ပေါ်လာခြင်းဖြစ်သည်။ သူသည် အပြစ် သားများအတွက် လက်ဝါးကပ်တိုင်ပေါ်ဝယ်အသေခံခြင်းဖြင့် ထိုပညတ်ကို အပြည့်အဝလိုက်လျှောက်ခဲ့ သည်။ ထိုသို့သော ယဇ်ပူဇော်ခြင်းအားဖြင့် ယေရှုခရစ်တော်ကို မိမိကယ်တင်ပိုင်ရှင်အဖြစ် လက်ခံသောသူ များသည် စာတန်၏ ကျေးကျွန်ဘဝမှ ဘုရားသခင်၏ ကောင်းကင်နိုင်ငံသားဘဝသို့ ရောက်ရှိရသော အခွင့် ရရှိခဲ့သည်။ ဤအကြောင်းအရာသည် ယေရှု၏ မေတ္တာနှင့်ဆက်ကပ်မှုအကြောင်းပင် ဖြစ်သည်။ "အချင်းချင်း ချစ်ခြင်းမေတ္တာမှတစ်ပါး အဘယ်အကြွေးမျှမတင်စေနှင့်။ သူတစ်ပါးကို ချစ်သော သူသည် အကျင့်တရားနှင့် ပြည့်စုံပြီ။ အကြောင်းမူကား သူ့မယားကို မပြစ်မှားနှင့်။ လူ့အသက်ကို မသတ် နှင့်။ သူ့ဥစ္စာ မခိုးနှင့်။ မမှန်သောသက်သေမခံနှင့်။ သူ့ဥစ္စာကို တပ်မက်လိုချင်သောစိတ် မရှိစေနှင့် ဟူသော ပညတ်မှစ၍အခြားသောပညတ်ရှိသမျှတို့သည် ကိုယ်နှင့်စပ်ဆိုင်သောသူကို ကိုယ်နှင့်အမျှ ချစ်လော့ဟူသော ပညတ်တစ်ခု၌ အပါအဝင် ဖြစ်ကြ၏" ချစ်ခြင်းမေတ္တာရှိသောသူသည် ကိုယ်နှင့်စပ်ဆိုင်သောသူ၏ အကျိုးကို မဖျက်ဆီးတတ်။ ထို့ကြောင့် ချစ်ခြင်းမေတ္တာသည် အကျင့်တရားနှင့် ပြည့်စုံရာ ဖြစ်သတည်း။ (ရော ၁၃း၈-၁၀)

ဘုရားသခင်သည်ချစ်ခြင်းမေတ္တာဖြစ်လျက်ယေရုဆလင်မြို့သစ်ဖြစ်လျက်မေတ္တာ၏ ရုံးစိုက်ရာမြို့ဖြစ်သည်။ ထို့ကြောင့် အကယ်၍ကျွန်ုပ်တို့အနေဖြင့် ညီအကိုများကို မုန်း၍တရားရုံးသို့ ဆွဲခေါ်၍ အပ်နှံမည် ဆိုလျှင် သာ၍ကောင်းသော နိုင်ငံတော်သို့ အဘယ်သို့ ဝင်စားခွင့်ရရှိနိုင်မည်နည်း။ ထိုနေရာကို အမှန်ပင် ကျွန်ုပ်တို့ လက်လွှတ်ဆုံးရှုံးရလိမ့်မည်။ ဘုရားသခင်၏ မေတ္တာတော်ဖြင့် အလှပဆုံးသော ယေရုဆလင်မြို့ သစ်ကိုကျွန်ုပ်တို့အတွက် ကြိုတင်ပြင်ဆင်ထားလျက်ရှိသည်။ သင်သည် ယုံကြည်ခြင်းပမာ ဏကြီးထွားလာ သည်နှင့်အမျှ ရန်သူစာတန်နှင့် နတ်ဆိုးတို့၏ စခန်းကို ဖြိုဖျက်တိုက်ခိုက်ကာ ယေရုဆလင်မြို့သစ်သို့ ဝင်စားဖို့ ကျွန်ုပ်ဆုတောင်းလျက် ရှိသည်။




# ဂျီစီအင်အသံလွှင့်ခြင်းမှ ကမ္ဘာ့အနှံ့ ဘုရားသခင်၏ မေတ္တာကို ပြန့်ပွားပေးနိုင်မည်လား။

သုံးပါးတစ်ဆူဖြစ်သောဘုရား၏ ဘုန်းတော်ထင်ရှားခဲ့ပုံများ၊ ဘုရားသခင်၏အလိုတော်အတိုင်း နိုင်ငံအသီး သီးမှ ဧဝံဂေလိတရားကို သိရှိစေရန် ဂျီစီအင်အသံလွှင့် အစီအစဉ်ကို စတင်လုပ်ဆောင်ခဲ့ခြင်း ဖြစ်သည်။ ကမ္ဘာသည် သတင်းဖြန့်ချီရေးလုပ်ငန်းတည်းဟူသော လူမှုရေးကွန်ယက်အရ ရွာကြီးတစ်ရွာအသွင်သို့ ရောက်ရှိလာပြီး လျှင်မြန်သောသယ်ယူပို့ဆောင်စနစ် အသုံးပြုကြလျက်ရှိရာ အသံလွှင့်ခြင်းအစီအစဉ်သည် ကမ္ဘာပေါ်၀ယ် ဩဇာလွှမ်းမိုးလျက် ရှိသည်။

အပြစ်ကျူးလွန်ခဲ့သော အပြစ်များထက် ယခုအခါ အဆပေါင်းများစွာ များပြားလာသဖြင့် ကမ္ဘာကြီးသည် နောက်ဆုံးကာလသို့ ရောက်ရှိနေပြီဟု သိရသည်။ ထိုသို့သော အနေအထားတွင် ခရစ် ယာန်များသည် ဆားနှင့်အလင်းကဲ့သို့ လောကကို အကျိုးပြုနိုင်ဖို့ မြေကြီးစွန်းတိုင်အောင် ဧဝံဂေလိတရားကိုဟောပြောလျက် သခင်ဘုရား၊ ဒုတိယအကြိမ်ကြွလာမည့် အချိန်အတွက် ကြိုတင်ပြင်ဆင်ရမည်။ ထိုတာဝန်ကို ကျေပြွန်စွာ ထမ်းဆောင်နိုင်ဖို့ အသံလွှင့်ခြင်း သာသနာလုပ်ငန်းကို လုပ်ဆောင်ရန် လိုအပ် လျက် ရှိသည်။ ဂျီစီအင်ရုပ်သံလွှင့် အစီအစဉ်မှ ဘုရားသခင်၏ဧဝံဂေလိတရား၊ ယေရှုခရစ် တော်၏ မေတ္တာ၊ ကမ္ဘာနှင့် အဝှမ်းဖြစ်ပေါ်နေသော သန့်ရှင်းသောဝိညာဉ်တော်၏ လုပ်ဆောင်ချက်များကို တင်ဆက်ပြသပေး လျက် ရှိသည်။



## တွေ့ဆုံမေးမြန်းခန်း။

“ဧဝံဂေလိတရားအတွက် အလွန်စိတ်အားထက်သန်မှုနှင့်အတူ ဂျီစီအင်တီဗွီသည် ယေရှုခရစ်တော် ၏မေတ္တာကို ဖြန့်ဝေပေးလျက်ရှိသည်။ ဤရုပ်သံလွှင့်အစီအစဉ်သည် အလွန်ကြီးမားသော လုပ်ငန်းတစ်ခုဖြစ် ကြောင်း ကျွန်ုပ်ယူဆထားသည်။ ဂျီစီအင်တီဗွီအစီအစဉ်မှ လူအမြောက်အများ ယေရှုခရစ်တော်ကို မိမိကယ်တင်ရှင် အဖြစ် လက်ခံကြသည်သာမကသူ၏နာမတော်ကို ယုံကြည်ခြင်းဖြင့် စစ်မှန်သော အသက် ကို တွေ့ရှိကြလိမ့်မည်။”



**ဒေါက်တာ ဖရန့်ရိုက်၊ ပြည်တွင်းဘာသာရေးအသံလွှင့်သူများအဖွဲ့ဥက္ကဋ္ဌ**



“ဂျီစီအင်တီဗွီမှ ဒေါက်တာဂျေရောက်လီ၏ တရားဟောချက်များအားဖြင့် ကြည့်ရှုသော သူတို့ ၏ စိတ်နှလုံးကို လှုပ်ရှားစေပြီး သခင်ဘုရားအတွက် ဖြောင့်မတ်စွာ အသက်ရှင်ခြင်းသင်ခန်းစာကို လွယ်ကူရှင်းလင်းစွာ သဘောပေါက်စေနိုင်ကြောင်း တွေ့ရသည်။ ဒေါက်တာ ဂျေရောက်လီအားဖြင့် ဧဝံဂေလိတရား မြေကြီးစွန်းတိုင် အောင် ရောက်ရှိခဲ့သည်။”

**အိုင်ဂေါ်နီကီတင်၊ ရုရှားနိုင်ငံ အာရ်ဘီအင်နှင့် တီဘီအင် ဥက္ကဋ္ဌ**

“ဂျီစီအင်တီဗွီမှ ဒေါက်တာဂျေရောက်လီ၏ တရားဟောချက်များအားဖြင့် ကြည့်ရှုသော သူတို့ ၏ စိတ်နှလုံးကို လှုပ်ရှားစေပြီး သခင်ဘုရားအတွက် ဖြောင့်မတ်စွာ အသက်ရှင်ခြင်းသင်ခန်းစာကို လွယ်ကူရှင်းလင်းစွာ သဘောပေါက်စေနိုင်ကြောင်း တွေ့ရသည်။ ဒေါက်တာ ဂျေရောက်လီအားဖြင့် ဧဝံဂေလိတရား မြေကြီးစွန်းတိုင် အောင် ရောက်ရှိခဲ့သည်။”



**အိုင်ဂေါ်နီကီတင်၊ ရုရှားနိုင်ငံ အာရ်ဘီအင်နှင့် တီဘီအင် ဥက္ကဋ္ဌ**



“ဒေါက်တာဂျေရောက်လီ၏တရားဟောချက်ကြောင့် အိန္ဒိယနိုင်ငံ ပူဒူချယ်ရီ အရပ်ဒေသမှ အမြောက်အများ ကောင်းကြီး ခံစားခဲ့ကြရသည်။ ဂျီစီအင်၏ ယုံကြည်ခြင်းသည် ကြီးထွားလျက် ရှိသည်။ ဂျီစီအင် တီဗွီအစီအစ ဉ် အိန္ဒိယနိုင်ငံ တစ်ခုလုံးသို့ ပျံ့သွားစေရန် ကျွန်ုပ်ဆုတောင်းလျက်ရှိသည်။”

**ရိုဆာဘာရှိဒရစ် ဒီရိဂွန်ကိုလီဘီယာတီဘီအင်ဥက္ကဋ္ဌ**

## အသံလွှင့်သာသနာလုပ်ငန်း၏ လက်ရှိအနေအထား

ဂျီစီအင်ရုပ်သံလွှင့်အစီအစဉ်ကို ယုံကြည်ခြင်းအားဖြင့် ၂၀၀၀ ပြည့်နှစ်၊ ဇန်နဝါရီလမှစတင်ခဲ့သည်။ ထိုလုပ်ငန်းသည် ကမ္ဘာအနှံ့ပျံ့နှံ့သွားခဲ့သည့်အဆင့်သို့ ရောက်လာပြီး ကိုရီးယားနိုင်ငံရှိ ရုပ်သံလွှင့်အစီအ စဉ်လုပ်ငန်း ရှင်များကြား ရေပန်းစားလာပြီး ပုံနှိပ်ထုတ်ဝေရေးလုပ်ငန်းကိုပါ ပူးတွဲ၍ ဆောင်ရွက်နိုင်လာ သည်အထိ ရောက်လာ သည်။ ဂျီစီအင်တီဗွီရုပ်သံလွှင့်အစီအစဉ်တွင် အသက်တာကို ဖြည့်ဆည်းပေးသည့် ဟောပြောမှုသည် ကြည့်ရှုအားပေးသော ပရိသတ်များပင် ဘုရားသခင်၏ မေတ္တာနှင့် ဘုရားသခင်၏ တန်ခိုး တော်ကို ခံစားရခြင်း၊ နေ့စဉ်ကြုံတွေ့ရသော ပြဿနာရပ်အချို့ကို ဖြေရှင်းပေးခြင်း၊ ဘဝ၏စစ်မှန်သောအ ဓိပ္ပာယ်ကို တွေ့ရှိစေခြင်းတို့ ကြောင့် ပရိသတ်များအကြား ရေပန်းစားသော တီဗွီချန်နယ်တစ်ခု ဖြစ်လာသည်။ ရုပ်သံလွှင့်အစီအစဉ်တွင် အိတ်ချ်ဒီစနစ်ပါ အဆင့်မြင့်ရုပ်ပုံလွှာများအသုံးပြုခြင်း၊ စိတ်ဝင်စား ဖွယ်ရာအကြောင်းအရာများ ထည့်ထားခြင်း၊ အဆင့်ဖြင့်အစီအစဉ်ရေးဆွဲများကြောင့် နိုင်ငံပေါင်း (၁၇၀) မှ ရုပ်သံလွှင့်အစီအစဉ်များဖြင့် မိတ်ဖက်ပြု၍ချိတ်ဆက်ထားသည်။ နိုင်ငံအမြောက်အမြားမှ ကျေးဇူးတင် သည့်စာ၊ အမှာစာများသည် နိုင်ငံ၏နယ်နိမိတ်ကို ကျော်ဖြတ်ကာ အများအပြားနေ့စဉ် ဌာနချုပ်ရုံးသို့ ဝင် ရောက်လျက်ရှိသည်။

## ရူပါရုံ

ဂျီစီအင်ရုပ်သံလွှင့်အစီအစဉ်အနေဖြင့် နိုင်ငံအမြောက်အများကို ခရစ်တော်ထံသို့ ပို့ဆောင်ပေးမည့် အကြီး ဆုံးခရစ်ယာန်ရုပ်သံလွှင့်အစီအစဉ်ကို တည်ဆောက်ဖို့ စီစဉ်ထားသည်။ ဤရုပ်သံလွှင့်အစီအစဉ်ကို နိုင်ငံ တကာရှိ ပရိသတ်များမှ (၂၄) နာရီပတ်လုံးကြည့်ရှုအားပေးနိုင်ရန် ဒိုမိန်းနှင့် မီဒီယာကဏ္ဍကို ထပ်မံတိုး ချဲ့ရန် စီစဉ်ထားပါသည်။ ဒေသအလိုက် ထူးခြားချက်များကို စနစ်တကျ လေ့လာပြီးမှ ဤရုပ်သံလွှင့်အစီအ စဉ်ကို လက်ကိုင်ဖုန်း၊ အင်တာနက်၊ တီဗွီစက်၊ တီဗွီစလောင်းမှတဆင့် လူတိုင်း ကောင်းမွန်ကြည်လင်ပြတ် သားစွာ ကြည့်ရန် စီစဉ်ထားသည်။ ရုပ်သံလွှင့်အစီအစဉ်တွင် ဒေသခံပြည်သူများမှ အသက်ရှင်သော နှုတ်ကပတ်တော်ကို ကြည့် ရှုနားဆင်ကာ သဘောပေါက်လာနိုင်ရန် ဘာသာစကားများ ထပ်မံ၍ တိုးပေးရန် ရှိသည်။ ထို့အပြင် ဂျီစီအင် အသံလွှင့်ဌာနနှင့်ရုပ်သံလွှင့်ဌာနကို ပူးတွဲတည်ဆောက်လျှက် နိုင်ငံတကာရှိ အသင်းတော်များနှင့် ချိတ်ဆက်ထား သည်။



# “သေနေသော မိန်းမအနေဖြင့် လက်ကိုင်ပုဝါ၏ တန်ခိုးကို ခံရခြင်း”

သင်းအုပ်ဆရာ ဝါရာပွန်ယင်ဝါတနာကူမ် (ချိုင်း ပရာကန်မန်မင်းအသင်းတော်)

၂၀၁၁ခု ဧပြီလ (၁၉) ရက်နေ့တွင် အသင်းသားတစ်ဦးထံမှ တယ်လီဖုန်းခေါ်ဆိုမှုတစ်ခု လက်ခံရရှိခဲ့သည်။ မြန်မာနိုင်ငံနယ်စပ် မောင်ဆတ်ရွာတွင် နေထိုင်သူအသက် (၁၇) နှစ်အရွယ် ရစ်ချနာပွန်ဆတ်ဆိုသူသည် ကားမှောက်သဖြင့် ထိုင်းနယ်စပ်ကို ဖြတ်ကာ အရေးပေါ်ဆေးရုံတင်ထားရသည်။ လူနာသည် တစ်ပတ်ခန့် သတိလစ် မေ့မျောနေခဲ့သည်။

ဧပြီလ (၂၁) ရက်နေ့တွင် ကျွန်ုပ်တို့အဖွဲ့မှ ဆေးရုံသို့ သွားရောက်ကြည့်ရှုခဲ့ရာ သူမကို လေဖြတ်သည့်ပုံစံဖြင့် တွေ့ခဲ့ရသည်။ ထို့ကြောင့် မယ်အိုင်ဆေးရုံမှ ဆရာဝန်က သာ၍ကြီးသော ဆေးရုံရှိရာ ချင်းလိုင်းဆေးရုံသို့ ခေါ်ဆောင်သွားရန် အကြံပြုခဲ့သည်။ သူမ၏ဒဏ်ရာမှ သွေးအလွန်အကျွံထွက်ခဲ့သဖြင့် ခွဲစိတ်မှုခံယူရမည်ဟု ဆရာဝန်က ညွှန်ကြားခဲ့သည်။ ကျွန်ုပ်အနေဖြင့် သာသနာပြုဆရာ ဂျော်ဝန်လီနှင့် ဇနီးတို့အား ဆုတောင်းပေးရန် မေတ္တာရပ်ခံခဲ့သည်။ ထိုဇနီးမောင်နှံသည် ဒေါက်တာဂျေရောက်လီ ကောင်း ကြီးပေးထားသည့်လက်ကိုင်ပုဝါ (တ ၁၉း၁၁-၁၂) ဖြင့် ထိုလူနာအတွက် ဆုတောင်းပေးခဲ့ကြသည်။ လူနာသည် တပတ်ခန့် သတိလစ်ခဲ့သော်လည်း ဆုတောင်းပြီးသည်နှင့် ရုတ်တရက်ဆိုသလို မျက်စိဖွင့်လာပြီး ဆုတောင်းပေးသည့်အဖွဲ့ကို လက်ဆွဲနှုတ်ဆက်ခဲ့ ကြောင်း တွေ့ရသည်။

မကြာမီ သူမ၏ ရောဂါသက်သာလာသဖြင့် မယ်အိုင်ဆေးရုံသို့ ပြန်လည်ခေါ်ဆောင်လာခဲ့ကြသည်။ သူမကိုဆေးကုသပေးခဲ့သည့်ဆရာဝန်က“ထိုလူနာသည်ဦးနှောက်ပြင်းထန်စွာထိခိုက်ခဲ့သော်လည်း ယခုပြန်၍ သတိပြန်လည်လာပြီဖြစ်ကြောင်းနှင့် အကယ်၍ ပြန်ကောင်းလာမည်ဆိုလျှင် မသန်မစွမ်းဘဝဖြင့် အသက် ရှင်ရမည်” ဟု ပြောခဲ့သည်။ ထိုသို့ ဆရာဝန်၏ ကောက်ချက်ချပြောဆိုမှုအပြီးတွင် ထိုလက်ကိုင်ပုဝါဖြင့် ဒုတိယအကြိမ် ထပ်မံ၍ ဆုတောင်းပေးခဲ့သည်။ ထို့နောက် လူနာသည် စတင် စကားပြောနိုင်လာပြီး ဖြည်းဖြည်းချင်း လမ်းလျှောက်ခဲ့သည်။ ယခုဆိုလျှင် သူတစ်ပါး၏ အကူအညီမပါဘဲ အလွယ်တကူ လမ်းလျှောက်လျက်ရှိသည်။ ထိုသို့ အနာငြိမ်းခြင်းခံစားရပြီး ခရစ်တော်ကို မိမိကယ်တင်ရှင်အဖြစ် လက်ခံခဲ့သည်။ ထိုသို့သော အံ့သြဖွယ်ရာအမှုကို ပြုခဲ့သော ဘုရားသခင်၏ ဂုဏ်တော်ကို ချီးမွမ်းပါ၏။



မြန်မာအမျိုးသမီးငယ် ရစ်ချနာပွန်ဆတ်သည် လက်ကိုင်ပုဝါတင်၍ ဆုတောင်းခြင်းဖြင့် ပြန်၍ အသက်ရှင်နိုင်ခဲ့ကြောင်း တွေ့ရသည်။



# ဒေါက်တာဂျေရောက်လီ၏ တန်ခိုးသည် မြန်မာပြည်အပေါ်သို့ ကြီးမားစွာ သက်ရောက်လျက်ရှိသည်။

ဆရာပါဟရန်းမှုန်၊ အမ်စီအိုင် ပုံနှိပ်လုပ်ငန်းဥက္ကဋ္ဌ၊ မြန်မာပြည်။

ဆရာပါဟရန်းမှုန်သည် မန်းမင်းဗဟိုအသင်းတော် နှစ်ပတ်လည်အစည်းအဝေးသို့ တက်ရောက်ခဲ့သည်။

ကျွန်ုပ်သည် မန္တလေးရိုင်းနှစ်ခြင်းအသင်းတော်၏ သင်းအုပ်ဆရာဖြစ်သည်။ ထိုမြို့သည် မြန်မာပြည်တွင် ဒုတိယအကြီးဆုံးမြို့ဖြစ်သည်။ ကျွန်ုပ်သည် စာအုပ်ဘာသာပြန်ခြင်းဖြင့် သာသနာလုပ်ငန်းလုပ်ဆောင် ခဲ့သည်။

၂၀၀၆ခုနှစ်သည် ကျွန်ုပ်အတွက် အဓိပ္ပာယ်ရှိသော နှစ်ဖြစ်သည်။ အိန္ဒိယနိုင်ငံ ဓမ္မတက္ကသိုလ် ကျောင်းဆင်းတစ်ယောက်မှ ဒေါက်တာဂျေရောက်လီ ရေးသားခဲ့သည့် မသေမီထာဝရအသက်ကို မြည်းစမ်း ခြင်း ဆိုသည့် စာအုပ်ကို ဖတ်ဖို့ ပေးခဲ့သည်။

ထိုစာအုပ်ကို ဖတ်နေစဉ် သခင်ဘုရားမှကျွန်ုပ်အား စကားပြောသကဲ့သို့ ခံစားခဲ့ရသည်။ ကျွန်ုပ် ၏ စိတ်နှလုံးသည် ကျေးဇူးတော်နှင့် ပြည့်ဝ၍ အလွန်လှုပ်ရှားခဲ့ကြောင်း တွေ့ရသည်။ ထို့နောက် အခြား သူများကိုလည်း ဘုရားသခင်နှင့် တွေ့စေလိုသောဆန္ဒပြင်းပြမှု ရှိခဲ့သည်။

ကျွန်ုပ်သည် စာရေးဆရာကို တွေ့လိုသည့်ဆန္ဒရှိလာသကဲ့ သို့ ထိုစာအုပ်ကို မြန်မာဘာသာသို့ ပြန်ဆို၍ ပုံနှိပ်ထုတ်ဝေဖို့ ဆန္ဒပြင်းထန်မှု ရှိခဲ့သည်။ ထို့ကြောင့် ယူရိမ်ဘုတ်ပုံနှိပ်ဌာနသို့ ကျွန်ုပ်စာရေး၍ ဆက်သွယ်ခဲ့သည်။

## ကျွန်ုပ်၏ဘဝသည် ပြောင်းပြန်ဖြစ်ခဲ့ရပြီ။

၂၀၀၇ခုနှစ် မတ်လ (၁၂) ရက်နေ့တွင် မန်းမင်းအသင်းတော်ရှိ ဒေါက်တာဂျေဂျက်လီမှ ကျွန်ုပ်အား ဘာသာပြန်ဖို့ တာဝန်ပေးခဲ့သည်။ ကျွန်ုပ်အလွန်ပင် ဝမ်းမြောက်ကျေနပ်ခဲ့ရသည်။ ထို့နောက် အသင်း တော်နှင့် အဆက်မပြတ် မိဿဟာယဖွဲ့ခဲ့သည်။ ထိုစဉ် ကျွန်ုပ်ဘာသာပြန်ရမည့်သက်သေခံ ချက်စာအုပ်များ ရေးသားခဲ့သူ ဒေါက်တာ ဂျေရောက်လီနှင့် တွေ့ဖို့ ဆန္ဒရှိခဲ့သည်။

၂၀၀၈ ခုနှစ် အောက်တိုဘာလတွင် မန်းမင်းဗဟိုအသင်းတော်သို့ ကျွန်ုပ်နောက်ဆုံး အလည်အပတ် ရောက်ရှိခဲ့သည်။ ကျွန်ုပ်သည် အံ့သြဖွယ်ရာ အမှုတစ်ခုကို တွေ့ခဲ့သဖြင့် ထိုအရာကို မမေ့နိုင်အောင် ဖြစ်ခဲ့ရသည်။ ကျွန်ုပ်ရောက်သွားသည့်အခါတွင် ဒေါက်တာလီသည် ဘုရားသခင်၏မျက်မှောက်တော်တွင် သွားလာနေသူဖြစ်သည့် အားလျော်စွာ အသင်းသူအသင်းသားများ၏စိတ်သည်လည်း ဘုရားသခင်၏စိတ်နှင့် တစ်ညီတညွတ်တည်း ဖြစ်နေသည့်အချက်ဖြစ်သည်။

ရေငံနေသည့်နေရာမှ ရေချိုသည့်ရေတွင်းရှိရာ မူအန်နေရာသို့လည်း ရောက်၍ အံ့သြလျက်ရှိခဲ့ သည်။ ထို့နောက် သက်တံ့ရောင်စုံများစွာကိုလည်း များစွာတွေ့ခဲ့ရသည်။ တနင်္ဂနွေဝတ်ပြုခြင်း အားဖြစ် သော်၎င်း၊ သောကြာနေ့ညလုံးပေါက် ဒံယေလ၏ ဆုတောင်းစည်းဝေးခြင်းဖြင့်၎င်း ကျွန်ုပ်၏ ဝိညာဉ်အစဉ်နိုး ကြား၍ အမှုတော် မြတ်အတွက် ခွန်အားများစွာ ရရှိခဲ့သည်။

ဒေါက်တာလီနှင့်မန်းမင်းဗဟိုအသင်းတော်၏ အသင်းသူ၊ သားများကို ကြည့်ခြင်းအားဖြင့် ကျွန်ုပ် ၏ ခရစ်ယာန်ဘာသာထူးခြားလာသဖြင့် ထိုအသင်းတော်တွင် ပါဝင်နေစဉ်ကာလနေ့ရောညပါ မျက်ရည် ကျ၍ ဆုတောင်းကာ ဆက်ကပ်ခဲ့သည်။ ယခုဆိုလျှင် ကျွန်ုပ်သည် ဝမ်းမြောက်မှုနှင့် ပြည့်ဝလျက်ရှိသည်။ ထိုနေ့ရက်ကာလသည်ဘုရားသခင်၏ကျေးဇူးတော်ခံစားရသည့်နေ့ရက်များဖြစ်သဖြင့် ဒေါက်တာလီ ၏ စာအုပ်များ ကို ဘာသာပြန်ဖို့ အာရုံစိုက်နိုင်ခဲ့သည်။

မသေခင် ထာဝရအသက်ကို မြည်းစမ်းခြင်း ဆိုသည့်သက်သေခံချက်များစုစည်းတင်ပြချက်၊ သူ၏ဘ ဝအသက်တာကို ဖော်ပြသည့် “ငါ့ဘဝ၊ ငါ့ယုံကြည်ချက် (၁၊ ၂)” အခြားစာအုပ်အားလုံး၏ အာဘော်ကို ကိုယ်စားပြုကာထင်ဟပ်စေသည့်စာအုပ်ဖြစ်သော လက်ဝါးကပ်တိုင်၏ သတင်းစကား၊ ယုံကြည်ခြင်းပမာဏ စသည့်စာအုပ်များကို ကျွန်ုပ်အနေဖြင့် မြန်မာဘာသာသို့ ပြန်ဆိုနိုင်ခဲ့ပါသည်။ ဝိညာဉ်ရေးရာတွင် အလွန်နက်နဲ သော အကြောင်းအရာများကို ဖော်ပြသည့် ဒေါက်တာလီ၏ စာအုပ်များ ဘာသာပြန်ခဲ့ရသဖြင့် ကျွန်ုပ်ကောင်းကြီးများ ခံစားခဲ့ရသည်။

## သခင်ဘုရား၏ ကျေးဇူးတော်ကြောင့် ကျွန်ုပ်အသက်တာ ပြောင်းလဲခဲ့ရပြီ။

၂၀၁၀ ပြည့်နှစ်၊ နိုဝင်ဘာလတွင် မြန်မာပြည်နယ်စပ်၊ ထိုင်းနယ်စပ်ဒေသအချို့တွင် တရားပွဲများ ကျင်းပခဲ့ရာ တွင် နိမိတ်လက္ခဏာများ ဖြစ်ပေါ်ခဲ့သည်။ တမန် (၁၉) တွင် တမန်တော်ပေါလုအကြောင်း မှတ်တမ်းတင်ထားသည့်အတိုင်းလက်ကိုင်ပုဝါအားဖြင့် ဆုတောင်းခဲ့ရာမှသဘာဝလွန်ကဲသာဖြစ်ရပ် ဆန်းများတွေ့ခဲ့ရသည်။ ဒေါက်တာဂျေရောက်လီဆုတောင်း၍ ကောင်းကြီးပေးထားသည့် လက်ကိုင်ပုဝါကို အသုံးပြု၍ဖျားနာသူများအတွက်ဆုတောင်းခဲ့ရာတွင်ကျန်းမာလာသူများမှာမရေမတွက်နိုင်လောက်အောင်ရှိခဲ့သည်။

ထို့နောက် အိန္ဒိယနိုင်ငံတွင် ဒေါက်တာလီ ကျင်းပပြုလုပ်ခဲ့သော စုပေါင်းတရားပွဲတွင် ဘုရားသခင်၏ ဘုန်းတော်ထင်ရှားခဲ့သည်။ ဒီဗွီဒီတရားခွေကို ကြည့်ပြီးမှလည်း ကျွန်ုပ်အံ့သြခဲ့ရသည်။ လွန်ခဲ့သောနှစ်ပေါင်း ၂၀၀၀ ကျော်ကသခင်ယေရှုခရစ်တော်ပြုခဲ့သောအမှုများသည် ယနေ့တိုင်ဖြစ်ပေါ်နေဆဲဟု စိတ်ထဲတွင် ခံစားခဲ့ရသဖြင့် ကျွန်ုပ်၏အမှုတော်ဆောင်သည့် လုပ်ငန်းနှင့် နှိုင်းယှဉ်သောအခါ အလွန်ပင်ကွာခြားနေကြောင်းတွေ့ခဲ့ရသည်။ ကျွန်ုပ်၏ အမှုတော်ဆောင်လုပ်ငန်းသည် သွေ့ခြောက်နေသည့် အလား ခံစားခဲ့ရသည်။

သို့သော် မန်းမင်းဗဟိုအသင်းတော်သို့ ရောက်သွားသည့်နောက် ကျွန်ုပ်၏အသက်တာသည် လုံးလုံးလျားလျား ပြောင်းလဲသွားသည်ကို တွေ့ခဲ့ရသည်။ ကျွန်ုပ်၏ဆုတောင်းချက်သည်လည်း ပြောင်းလဲ သွားသည့်နောက် နေ့စဉ် အသက်တာတွင် သန့်ရှင်းသော ဧဝံဂေလိတရားကို ဆင်ခြင်နှလုံးသွင်းခဲ့သည်။ သခင်ဘုရားကဲ့သို့ နေ့စဉ်ပျော်ရွှင်သောဘဝကို ကျွန်ုပ်ရရှိခဲ့သည်။

ဒေါက်တာလီ၏ စာအုပ်များဖြင့် သခင်ဘုရား၏သွန်သင်ချက်များစွာ ကျွန်ုပ်ရရှိခဲ့ပြီး ကျွန်ုပ် လျှောက်ရမည့်လမ်းကိုလည်း ကိုယ်တော်လမ်းညွှန်ချက်ပေးခဲ့သည်။ ဒေါက်တာလီ၏ စာအုပ်များသည် ကျွန်ုပ်၏စိတ်ကို လှုပ်ရှားစေခဲ့သည်။ သူ၏အသက်တာနှင့် သူ၏ဘုရားသခင်အပေါ်ထားသော မေတ္တာသည် အခြားလူများနှင့် မတူပါ။ သခင်ဘုရား၏ မေတ္တာကို ကျွန်ုပ်ဖြန့်ဝေဖို့ ဆန္ဒရှိသည်။

Burmese

မန်းမင်းသတင်းလွှာ

မန်းမင်းဗဟိုအသင်းတော်မှ ထုတ်ဝေသည်။

လိပ်စာ - ၂၉၊ ဒီဂျီတယ်-ရို ၂၆-ကဲယ်၊ ကူရို-ကူ၊ ဆိုးလ်၊ ကိုးရီးယား၊ ၁၅၂-၈၄၈
ဖုန်း - ၈၂-၂-၈၁၈-၇၀၄၇
ဖက် (စ်) - ၈၂-၂-၈၁၈-၇၀၄၈
အီးမေးလ် - manminministry@manmin.org
ထုတ်ဝေသူ - ဒေါက်တာဂျေရောက်လီ
အယ်ဒီတာချုပ် - သင်းထောက်မကြီး ဂူဆမ်ဗင်း